မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 10 , 2026 Volume 98, Number 6


| ၁၀.၁. .၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၉၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၄.63 ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၂၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၉၀ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန်ရငွေအပေါ် ငွေလဲလှယ်နှုန်းပြောင်းလဲသတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲများ အဝယ်သွက်နေ



ပို့ကုန်ရငွေအပေါ် ငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲများ ဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံများ အဝယ်သွက်နေကြောင်း ကုန်သည်များထံမှ သိရသည်။

ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်း ငွေကျပ်လဲလှယ်သည့် မူဝါဒကို ဇန်နဝါရီလ၇ ရက်နေ့က ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

ပဲ၊နှမ်းဈေးကွက်အတွင်းပဲစင်းငုံအသစ်ဝင်ရောက်မှုနည်းသေးသော်လည်း ဈေးကွက် အတွင်း ကြို့ရောင်း၊ ကြို့ဝယ်ဈေးကွက်ဖြင့် အရောင်းအဝယ်ကောင်းနေခြင်း ဖြစ်သည်။

ဇန်နဝါရီလဆန်းပိုင်းမှ စတင်အသစ်ဝင်ရောက်လာမည့် ပဲစင်းငုံ အသစ်များ သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၆၀,၀၀၀ ကျော်ဖြင့် အရောင်းအဝယ်သွက်လာ ကြောင်း၊ မြေပဲလုံးဆန်များမှာ ပို့ကုန်တင်ပို့နိုင်ရန် အဝယ်ကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းလက်ကျန်မရှိသလောက်နည်းလာသော ကျွန်းစားတော်ပဲမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁ဂသိန်းခန့်ထိ ပေါက်ဈေးရှိနေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

ပို့ကုန်ရငွေအပေါ် ပြောင်းလဲသတ်မှတ်လိုက်သည့်မူဝါဒကြောင့် ပို့ကုန်ပဲများကို ကြို့တင်ဝယ်ယူမှုများခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်အတွင်း ပဲစင်းငုံအသစ် ဝင်ရောက် မှုနည်းသော်လည်းကြို့ရောင်းကြို့ဝယ်ဈေးကွက်မှာ အရောင်းအဝယ်ကောင်း နေပါတယ်။ပဲအသစ်တွေ ဝင်ချိန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းရင် ကောင်းသလို အဝင်တွေကောင်းလာနိုင်ပါတယ်။ မြေပဲဆီဆန်တွေကတော့ပုံမှန်ဈေးရှိပေမဲ့ မြေပဲလုံး ဆန်များမှာ တစ်ပိဿာ ငွေကျပ် ၉၀၀၀ ပေါက်ဈေးရှိလာပါတယ်။ ကျွန်းစားတော်ပဲ

ကတော့ ဈေးကွက်အတွင်းမှာ ပစ္စည်းမရှိတော့ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၁၀ သိန်းထိ ပေါက်ဈေးရှိနေပါတယ်”ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၈ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင်ငွေကျပ် ၂၆၄,၀၀၀၊ မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၇,၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင်တစ်အိတ် လျှင် ငွေကျပ် ၃၀၀,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် အမျိုးအစား အလိုက်၃၀၀၀-၅၀၀၀ ဈေးကျဆင်းသွားရာ ငွေကျပ် ၂၃၃,၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၂၃,၀၀၀၊ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၂,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၃၃,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများ မှာ ဇန်နဝါရီ ၈ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၅၆၀,၀၀၀၊ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁,၀၀၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၃၀,၀၀၀၊ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇန်နဝါရီ ၈ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိနေပြီး၊ မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၃၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃,၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။ .

**Source :မကွေးဂျာနယ်**

## နှမ်းဖြူများ အဝင်နည်းပြီး ဈေးမြင့်တက်



မကွေးမြို့နယ်ရှိ နှမ်းဈေးကွက်ထဲကို နှမ်းဖြူတွေ အဝင်နည်းနေပြီး ဈေးတွေလည်း မြင့်တက်လာတယ်လို့ မကွေးကုန်စည်ဒိုင်ကနေသိရပါတယ်။

အခုလို ပွင့်လင်းရာသီမှာ နှမ်းထွက်ရှိမှု မရှိတော့တာကြောင့် နှမ်းရှားပါးပြီး ဈေးတက်လာတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ပြီးခဲ့တဲ့ မိုးဦး၊ မိုးနှောင်းနှမ်းစိုက်ရာသီတွေကလည်း နှမ်းဖြူစိုက်ပျိုးကြတဲ့ တောင်သူတွေ ဈေးကောင်း မရဘဲ အရှုံးပေါ်ခဲ့ကြတယ်လို့ နှမ်းစိုက်တောင်သူတွေက ပြောပါတယ်။

နှမ်းဖြူကို ပြည်တွင်းဈေးကွက်မှာ အဓိက အသုံးပြုကြပြီး ဆီစက်လုပ်ငန်းရှင်တွေ၊ နှမ်းလှော်နှမ်းထောင်းပြုလုပ်သူတွေက အများဆုံး ဝယ်ယူကြတာပါ။ ပစ္စည်းရှားပါးလာမှုကြောင့် လက်ရှိမှာ နှမ်းတစ်တင်းကို ကျပ်၅၀၀၀ ကနေ ကျပ် ၁၀,၀၀၀ လောက်အထိ ဈေးမြင့်တက်လာတယ်လို့ မကွေးမြို့နယ် ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ပြောပါတယ်။

အခုလို ဆောင်းရာသီမှာ စားအုန်းဆီတွေ အေးခဲတာကြောင့် နှမ်းဆီနဲ့ ပဲဆီတွေကို ဝယ်ယူစားသုံးမှု ပိုမို များပြား လာတာနဲ့ ပစ္စည်းရှားပါးလာချိန်ဖြစ်တာကြောင့် နှမ်းဖြူဈေးဟာ ဆက်လက် မြင့်တက်လာနိုင်တယ်လို့လည်း ကုန်သည်တွေက သုံးသပ်နေကြပါတယ်။

**Source :** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၅-၁-၂၀၂၆ မှ ၉-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြား ကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၇၆၄,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၀၄၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၇၁,၀၀၀ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၃,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၈,၀၀၀ စျေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၀၁,၀၀၀ အသီးသီးစျေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၅လုံး (တန်ချိန် ၁၈၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) စျေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၉,၅၀၀၊ မြားနီ ကျပ် ၁၀,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၄,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၃၀,၀၀၀ စျေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ စျေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၆၀၀ (၃၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၇၀၀ (၃၄,၀၀၀ ပိဿာ) ငရုတ်ပုအိတ်ပေါင်း ၂၅၀ (၃,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀ (၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၄၀၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၁၀,၅၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်း သီးများ စျေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) စျေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၆၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၃၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၆၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၁၀၀ စျေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ စျေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၅-၁-၂၀၂၆ မှ ၉-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သောကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးစျေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) စျေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၀ ၊

TIR

ဆိပ်ဖြူလတ်ချော ကျပ် ၃၅၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၂၄၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၁၅၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၉၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ မြင်းခြံသစ်ရှယ် ကျပ် ၃၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၂၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၅၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး(၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၃ စီး (၅၅၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၂ စီး (၇၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့ နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၂၅၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၂၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၂၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၃၀၀ (၆၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၄၀၀(၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၁၀၀ (၃၃,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၃၃၀၀၊ အောင်ပန်း S1 ကျပ် ၃၈၀၀၊ အောင်ပန်း S2 ကျပ် ၆၃၀၀ နှင့် တရုတ်အာလူး ကျပ် ၇၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင် အပတ်က ကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၆ စီး (၃၆,၀၀၀ ပိဿာ)ပိုမို ဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆုကြေးငွေ ကျပ်သိန်း ၂၀ မှ ၅၀အထိ ချီးမြှင့်ပေးသွားမဲ့ မြန်မာ-ဂျပန် ရိုးရာမုန့်မျိုးစုံ ဈေးရောင်းပွဲတော်အတွက် မြန်မာ့ရိုးရာ မုန့်ရောင်းချသူ ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်



ဆုကြေးငွေ ကျပ်သိန်း ၂၀မှ ၅၀အထိ ချီးမြှင့်ပေးသွားမဲ့ မြန်မာ-ဂျပန် ရိုးရာ မုန့်မျိုးစုံ ဈေးရောင်းပွဲတော်အတွက် မြန်မာ့ရိုးရာ မုန့်ရောင်းချသူ ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်ထားကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင် ရွက်မှု အသင်း (AMJSEDC)မှ သိရပါတယ်။

အဆိုပါ မြန်မာ-ဂျပန် ရိုးရာမုန့်မျိုးစုံ ဈေးရောင်းပွဲတော်အတွက် ပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြေပဒေသာကျွန်းအတွင်းက ပုလဲကျွန်း (ငွေသောင်ယံ) မှာ လာမဲ့ ဇန်နဝါရီ ၃၁ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၅

နာရီအချိန်အထိ ကျင်းပသွားမှာဖြစ်ပြီး မြန်မာ့ရိုးရာမုန့်များ ပြန်လည်ထွန်းကားလာပြီး အခြားနိုင်ငံထုတ် အသင့်စားမုန့်များအား လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်တယ်လို့ သိရပါတယ်။

ထိုပြိုင်ပွဲ၌ မြန်မာ့ရိုးရာ မုန့်များဖြစ်တဲ့ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်လက်ဆောင်း၊ ပေါင်မုန့်အုန်းနို့ဆမ်း၊ ရွှေရင်အေး၊ မုန့်လုံးကြီးကြော်၊ မုန့်လက်ကောက်ကြော်၊ အကြော်မျိုးစုံ၊ ဆီထမင်း၊ ရွှေထမင်း၊ ထမနဲ၊ မုန့်လင်မယား၊ သာကူမုန့်ဖက်ထုပ်၊ မုန့်ဗိုင်းတောင့်၊ ဘိန်းမုန့်မျိုးစုံ၊ ရွှေကြည်၊ ဆနွင်းမကင်း၊ မုန့်လိပ်ပြာ၊ မုန့်ကြာခွက်၊ မုန့်ကျွဲသည်း၊ မုန့်လက်နှိပ်၊ ထန်းသီးမုန့်နှင့် အခြားတိုင်းရင်းမုန့်များကို ပြိုင်ပွဲဝင်မည့် မုန့်အမျိုးအစားများအဖြစ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

ပြိုင်ပွဲကို မုန့်ရောင်းချနေသူ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့်သူများဟာ မြေပြင်တွင် အမှန်တကယ် မြန်မာ့ရိုးရာမုန့်ရောင်းချသူများဖြစ်ရမည့်ပြင် ဆက်လက်ပြီး မြန်မာ့ရိုးရာ မုန့်ရောင်းချလိုသူဖြစ်ရမှာ ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အသင်း၏ ပြိုင်ပွဲကျင်းပရေး ကော်မတီသို့ လာမဲ့ ဇန်နဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား အမည်စာရင်းပေးသွင်းရမည်ဖြစ်ကာ ကော်မတီမှ ပြန်လည်ပေးပို့တဲ့ လျှောက်လွှာမှာ အချက်အလက် များဖြည့်သွင်းရမှာ ဖြစ်ကြောင်းသိရပါတယ်။

ထိုသို့ လျှောက်ထားသူများကို ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြန်လည်ဆက်သွယ်ပေးသွားမှာဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့် မုန့်သည်များအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အတွင်း သတ်မှတ်နေရာသို့ လူ ၅ ဦးခန့်စာ မုန့်နမူနာများဖြင့် လာရောက်အရွေးခံရမှာဖြစ်ကြောင်း သိရပါတယ်။

"အနံ့၊ အရသာနှင့်သန့်ရှင်းသပ်ရပ်မှုရှိသော မုန့်များကို ဦးစားပေးရွေးချယ်သွားမှာဖြစ်ပါတယ်။ မြန်မာ့ရိုးရာ မုန့်အုပ်စုတစ်ခုလျှင် ၃ ဦးစီ ရွေးချယ်ပြီး ကျန်းမာရေး စစ်ဆေးမှု ပြုလုပ်သွားမှာဖြစ်ပါတယ်။ သန့်ရှင်းကောင်းမွန်စွာ ပြုလုပ်နိုင်သူတစ်ဦးစီကို အရင်းအနှီးမတည်ငွေအဖြစ် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဆုငွေ သိန်း ၂၀ မှ သိန်း ၅၀ အထိ ချီးမြှင့်ပေးသွားမှာပါ။ နောက်ပြီး ပါဝင်ယှဉ်ပြိုင်မည့် မုန့်အုပ်စုအမျိုးအစားနှင့် အရေအတွက်ပေါ်မူတည်ပြီးတော့ ၁၅ ဦးမှ ၂၀ ဦးအထိ ဆုငွေချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်"လို့ ပြိုင်ပွဲကျင်းပရေးကော်မတီရဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဒါ့ပြင် ပြိုင်ပွဲဝင်ရန် နေရာသို့ သွားလာမှုကုန်ကျစရိတ်နှင့် မုန့် ၅ ဦးစာ ကျသင့်တန်ဖိုးငွေများကို အသင်းမှ ကျခံပေးသွားမှာဖြစ်ပြီး ဆုရရှိတဲ့ ပြိုင်ပွဲဝင်မုန့်သည်များကို ဇန်နဝါရီ ၂၁ ရက်နေ့မှာ မြေပဒေသာကျွန်းအတွင်း အခမဲ့မုန့်ဆိုင်ဖွင့်လှစ်စေပြီး ဆုငွေများ ချီးမြှင့်ပေးသွားမှာဖြစ်ကြောင်းနှင့် မုန့်ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိသူများကို ဆုငွေချီးမြှင့်မှာမဟုတ်ကြောင်း သတ်မှတ်ထားတယ်လို့လည်း သိရပါတယ်။

**Source : Myanmar FutureNews Agency**

## ဒူဘိုင်းခရီးသွားလုပ်ငန်းကောလိပ်မှ လိုင်စင်ရဧည့်လမ်းညွှန်အစီအစဉ်အား ငါးနှစ်အကြာတွင် တိုးချဲ့ဆောင်ရွက်မှုများပြုလုပ်

ဒူဘိုင်းခရီးသွားလုပ်ငန်းကောလိပ်သည် ဒူဘိုင်းမြို့၏ ခရီးသွားလုပ်ငန်းကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည့်အတွက် ခရီးသွားဧည့်သည်များ၏ အတွေ့အကြုံများကို ပုံဖော်ရာတွင် ၎င်းတို့၏အခန်းကဏ္ဍအပေါ် အားဖြည့်ပေးသည့် တရားဝင်ဒူဘိုင်းဧည့်လမ်းညွှန်အစီအစဉ်အား ဆောင်ရွက်ထားရှိမှုမှာ ငါးနှစ်တာကာလ အထိမ်းအမှတ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဒူဘိုင်းစီးပွားရေးနှင့်ခရီးသွားလာရေးဌာန(DET)၏အစိတ်အပိုင်းတစ်ခုဖြစ်သော ဒူဘိုင်းခရီးသွားလုပ်ငန်းကောလိပ်မှ စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါအစီအစဉ်သည် လူမျိုးပေါင်း ၅၀ ကျော်ပါဝင်သည့်လိုင်စင်ရဧည့်လမ်းညွှန်ပေါင်း ၂,၄၀၀ ကျော်တို့အား လေ့ကျင့်သင်ကြားပေးခဲ့သည်။

အဆိုပါပဏာမခြေလှမ်းသည် ဒူဘိုင်းတွင် ဧည့်လမ်းညွှန်များအတွက် တစ်ခုတည်းသောတရားဝင် အသိအမှတ်ပြုလက်မှတ်ကိုထုတ်ပေးပြီးဘွဲ့ရများအား ပြည်နယ်တစ်ဝှမ်းရှိလိုင်စင်ရခရီးသွားကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်နိုင်စေနိုင်မည်ဖြစ်သည်။

၎င်း နှစ်တာအထိမ်းအမှတ်ကို တည်ဆောက်ရန်အဆိုပါကောလိပ်သည် အွန်လိုင်းဖြင့် အပြည့်အဝတက်ရောက်ရမည့် သင်တန်းအစီအစဉ်၌ စာရင်းသွင်းနိုင်ကြရန်အတွက် အသက် ၁၈ နှစ်နှင့် အထက်ရှိ ယူအေအီးနိုင်ငံတွင် နေထိုင်ကြသူများအား ဖိတ်ခေါ်ထားသည်။

အဆိုပါသင်တန်းကို လိုက်လျောညီထွေမှုရှိရန် ပုံစံဖော်ထုတ်ထားပြီး၊ ကိုယ်တိုင်လေ့လာသင်ယူရမည့် သင်တန်းသည် သင်တန်းသားများအား မည်သည့်နေရာမှမဆို လေ့လာနိုင်စေမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အင်္ဂလိပ်နှင့် မန်ဒရင်းဘာသာတို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

ဒူဘိုင်း၏ခရီးသွားကဏ္ဍသည် စဉ်ဆက်မပြတ်တိုးတက်လာမှုဖြင့် မှတ်တမ်းတင်ထားနိုင်သောကြောင့် တိုးချဲ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဒူဘိုင်းမြို့သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ နိုင်ငံတကာညအိပ်ခရီးသွားဧည့်သည်ပေါင်း ၁၇ ဒသမ ၅၅ သန်း ကိုလက်ခံနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ အဆိုပါ အစီအစဉ်သည် အရည်အချင်း ပြည့်မီသော ဧည့်လမ်းညွှန်များအတွက် တည်ငြိမ်မှုရှိသောလမ်းကြောင်းတစ်ခု ဖန်တီးပေးထားကာ လုပ်ငန်းခွင်တစ်လျှောက် မြင့်မားသောဝန်ဆောင်မှုစံနှုန်းများဖြင့် ဆက်လက်ထိန်းသိမ်း၊ ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။

၎င်းအစီအစဉ်သည် ဒူဘိုင်းစီးပွားရေးအစီအစဉ် D33 နှင့်ကိုက်ညီမှုရှိပြီး စီးပွားရေးနှင့် အပန်းဖြေမှုအတွက် ထိပ်တန်းကမ္ဘာ့နေရာတစ်ခုအဖြစ် ဒူဘိုင်း၏ အဆင့်အတန်းကို ခိုင်မာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ၎င်းသည် ယူအေအီးနိုင်ငံသား များထံမှ ပိုမိုပူးပေါင်းပါဝင်လာမှုအပေါ်အားပေးထားပြီး လိုက်လျောညီထွေမှုရှိသော အချိန်ပြည့်၊ အချိန်ပိုင်းနှင့် အလွတ်တန်းအလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်းအားဖြင့် ယူအေအီးနိုင်ငံသားများ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိ လာစေမှု (Emiratisation)အပေါ် ပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။

သင်တန်းအပြီးတွင် သင်တန်းသားများသည် virtual အင်တာဗျူးနှင့် လက်တွေ့စာမေးပွဲများပါဝင်သော အကဲဖြတ်မှုများကို ကျော်ဖြတ်ပြီးနောက် တရားဝင်ဧည့်လမ်းညွှန်လိုင်စင်ကို ရရှိမည်ဖြစ်သည်။ အစီအစဉ်တွင်ပါဝင်ကြသူများသည် အဓိကဆွဲဆောင်မှုရှိသောနေရာများဆီသို့ စိတ်ကြိုက်ရွေးချယ်နိုင်သည့် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များအား ရရှိနိုင်မည့်အပြင် ၎င်းတို့၏ မြေပြင်ဆိုင်ရာ အသိပညာနှင့်ပရော်ဖက်ရှင်နယ်ကွန်ရက်များမှာ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း သတင်းဖော်ပြထား သည်။

**Source : News Source: Dubai Media Office**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## ဂျပန်နိုင်ငံ၏ လက်ဖက်စိမ်းတင်ပို့မှုများ နှစ် ၇၀ အတွင်းတွင် အမြင့်ဆုံးအဆင့်သို့ရောက်ရှိ



၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှအောက်တိုဘာလ အတွင်းတွင် ဂျပန်နိုင်ငံ၏ လက်ဖက်စိမ်းတင်ပို့မှုသည် မက်ချာမှုန့် တင်သွင်းမှုများမြင့်တက်ခြင်းကြောင့်နှင့် ဂျပန်ငွေကျဆင်းခြင်းကြောင့် နှစ် ၇၀ အတွင်း တင်ပို့မှုအမြင့်ဆုံး အဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း လက်ဖက်တင်ပို့မှုသည် တန်ချိန် ၁၀,၀၈၄ တန်ခန့်ရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၄၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံသို့လက်ဖက်စိမ်းများကို အဓိကတင်ပို့လျက်ရှိပြီး အမေရိကန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်းတွင် တန်ချိန် ၃၄၉၇ တန်ခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ လက်ဖက်စိမ်းတင်ပို့မှုမြင့်တက်ခြင်းသည် ၉ နှစ်ဆက်တိုက် ကြာမြင့်လျက်ရှိပြီး အဆိုပါမြင့်တက်ခြင်းသည် ကျန်းမာသော အစားအသောက် စားသုံးသူများအကြား ဂျပန်နိုင်ငံ၏အစားအစာသည် ရေပန်းစားလာခြင်းကို ဖော်ပြနေကြောင်း သိရသည်။

နိုင်ငံခြားလက်ဖက်စိမ်းရောင်းချမှုများသည် မြင့်တက်လျက်ရှိသော်လည်း ၁၉၅၄ ခုနှစ်တွင် တင်ပို့မှုတန်ချိန် ၁၁,၅၅၃ တန်သို့ရောက်ရှိခဲ့အပြီးနောက်ပိုင်းတွင် နှစ်စဉ်တင်ပို့မှုများသည် တန်ချိန် ၁၀,၀၀၀ အောက်ကျဆင်းခဲ့ကြောင်းနှင့် ၎င်းသည် တရုတ်နိုင်ငံမှ လက်ဖက်တင်ပို့မှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် လက်ဖက်စိမ်းဝယ်လိုအား ကျဆင်းနေသော်လည်း လက်ရှိနှစ်များအတွင်း လက်ဖက်စိမ်းတန်ဖိုးသည် ထုတ်လုပ်မှုကျဆင်းခြင်းနှင့်အတူ မြင့်တက်လာကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံသည် လက်ဖက်တန်ချိန် ၇၄,၀၀၀ တန်ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ဂျပန်နိုင်ငံ၏ အဓိက လက်ဖက်ရွက် ထုတ်လုပ်သည့် ကာဂိုရှီးမား ခရိုင်ရှိ စိုက်ပျိုးရေးသမဝါယမအဖွဲ့အစည်း၏ ပြောကြားချက်အရ ဂျပန်နိုင်ငံ၏ လက်ဖက်စိမ်း ထုတ်လုပ်မှုကို အောက်တိုဘာလနှင့် နိုဝင်ဘာလများအကြားတွင် ပြုလုပ်လျက်ရှိပြီး ပုံမှန်အားဖြင့် ၁ ကီလို ဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၆ ဒေါ်လာနှုန်းဖြင့်ရောင်းချလျက်ရှိကြောင်းနှင့် ယခုနှစ် လက်ဖက်စိမ်းထုတ်လုပ်မှုသည် ယခင်နှစ်ထက် ၆ ဆ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source: Japan Today**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (10.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jan. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 58,267 (Shares) | 212,099,020 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 1,012 | 8,703,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 7 | 26,600 | 38,929,150 | 147,931 |
| MCB | 00003 | 7,500 | -200 | -2.60% | 7,500 | 7,500 | 7,500 | 1 | 7,500 | 10,400,986 | 78,007 |
| FPB | 00004 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 210 | 556,500 | 29,664,613 | 78,611 |
| TMH | 00005 | 3,150 | -100 | -3.08% | 3,100 | 3,250 | 3,100 | 16 | 51,150 | 12,823,224 | 40,393 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,387 | 2,236,550 | 19,977,223 | 32,962 |
| AMATA | 00007 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 1 | 4,600 | 10,497,598 | 48,289 |
| MAEX | 00008 | 3,200 | -100 | -3.03% | 3,250 | 3,250 | 3,200 | 786 | 2,515,250 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 10th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.30 | -1.71 | -0.41% | 418.77 | 418.77 | 416.96 | 3,420 | 14,101,350 | 8 | 787,112 |

**Index chart**



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.30 | -1.71 | -0.41% | 418.77 | 418.77 | 416.96 | 3,420 | 14,101,350 | 8 | 787,112 |

### Index chart




TIR